# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 6 , 2023 Volume 70, Number 4

၆.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၅.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၂.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၆.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၃.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၆၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၆၄ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၁၄၇ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၇၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၈
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ ၏ ဖော်ထုတ်ချက်များနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့် အစည်းအဝေးကျင်းပ



၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပပြီးစီးခဲ့သော မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ ၏ ဖော်ထုတ်ချက်များနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညီလာခံခန်းမ၌ ကျင်းပခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် အမှာစကားပြောကြားပါသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ ၏ ဖော်ထုတ်ချက်များကို အကောင်အထည်ဆောင်ရွက်မှုသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကချမှတ်ခဲ့သော စီးပွားရေးဦးတည်ချက် ၃ ရပ်အနက် ပထမအချက်ဖြစ်သော “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး”ဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားတစ်ရပ်လုံး၏ အကျိုးစီးပွားနှင့်သက်ဆိုင်သည့် ကိစ္စရပ်ဖြစ်သည့်အတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသာမက ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများနှင့် ပါဝင်ဆက်စပ်နေသူများတွင်လည်း တာဝန်ရှိပါကြောင်း၊ နိုင်ငံ

အတွက် ပြည်တွင်းစားသုံးမှုဖူလုံရေးကိစ္စသည် အရေးကြီးသကဲ့သို့ ပြည်ပတင်ပို့မှုကဏ္ဍဖွံ့ဖြိုးရေးကိစ္စသည်လည်း အရေးကြီးပါကြောင်း၊ မြန်မာ့ဆန်စပါးညီလာခံ၏ ဖော်ထုတ်ချက် ၄၃ ချက်နဲ့ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လုပ်ငန်းစီမံချက် (Action Plan) ကို (၅) နှစ်တာကာလအတွက် ရေးဆွဲပြုစုထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်းစီမံချက်နှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌတို့က ညီလာခံဖော်ထုတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြရာ ဒုတိယဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%

## စစ်တွေကုန်သွယ်ရေးစခန်းမှသာ တင်ပို့ခွင့်ပြုမည့် လယ်ယာနှင့်စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများစာရင်း ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် ရက်စွဲဖြင့် ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ ( ၁၅ / ၂၀၂၃ ) ထုတ်ပြန်ထားသည်ကို မျှဝေအပ်ပါသည် -

TIR

**အကြောင်းအရာ။ စစ်တွေကုန်သွယ်ရေးစခန်းမှသာတင်ပို့ခွင့်ပြုမည့် ကုန်ပစ္စည်းများသတ်မှတ်ထုတ်ပြန်ခြင်း**

၁။ ကုန်သွယ်မှုလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်စေရန်နှင့် တစ်ဖက်နိုင်ငံနှင့်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုတွင် အောက်ပါလယ်ယာထွက်ကုန်နှင့်စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းတို့ကို စစ်တွေကုန်သွယ်ရေးစခန်းမှသာ တင်ပို့ရန်သတ်မှတ်လိုက်သည်-

**(က) လယ်ယာထွက်ကုန်နှင့်စိုက်ပျိုးရေးထွက်ကုန်ပစ္စည်း**

( ၁ ) ဆန်၊ ဆန်ကွဲ
( ၂ ) ပဲမျိုးစုံ
( ၃ ) နှမ်း၊ မြေပဲ၊ မြေပဲဆံ
( ၄ ) ကြက်သွန်နီ

**( ခ ) ရေထွက်ပစ္စည်း**

( ၁ ) ရေချို၊ ရေငန်ငါးမျိုးစုံ

၂။ အဆိုပါသတ်မှတ်ချက်အား ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၄)ရက်နေ့မှစတင်၍ ဆောင်ရွက်ရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**Source: ကုန်သွယ်ရေးဦးစီးဌာန**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6819-sittwe.html

## ပြည်တွင်းမြေပဲဈေးကျပြီး အဝယ်အေးလာ




စားဆီဘက် အဝယ်လိုက်လာသည့်အတွက် မြေပဲအရောင်းအဝယ်ဈေးကွက် အေးလာကြောင်း ပဲကုန်သည်များထံမှ သိရသည်။

လက်ရှိတွင် မြေပဲထွက်သည့်ကာလဖြစ်သည့်အပြင် စားဆီများကို ဈေးလျှော့ရောင်းချပေးနေသည့်အတွက် စားဆီဘက်အသုံးပြုသူများလာကာ ပဲဆီအရောင်းအဝယ် အေးလာ၍ မြေပဲဆန်ဈေးပါ ကျဆင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

မြေပဲဈေးအေးတာက စားဆီဆွဲချလို့လဲပါတယ်။ စားဆီက ရည်ညွှန်းဈေးနဲ့ ရောင်းပေးနေတာဆိုတော့ ပဲဆီဝယ်တဲ့ အရေအတွက်ကျသွားတယ်။ ဒါကြောင့် မြေပဲဆန် လိုင်းပါကျသွားတယ်။ လူတွေကြပ်တည်းတော့ စားဆီဘက်ကို ပြောင်းမှာပဲလေ၊ အဲ့တော့ ဝယ်လိုအားလျော့တော့ ဈေးကွက်

အရအေးမှာပေါ့ဟု အောင်လံမြို့မှ ရွှေထွန်းဆီစက်မှ ကိုရွှေထွန်းကပြောသည်။

အောင်လံတွင် ယခင်မြေပဲလုံးဆန် တပိဿာလျှင် ၇၅၀၀ မှ လက်ရှိ တပိဿာလျှင် ၆၄၀၀ ကျပ်အထိ ကျဆင်းသွားကြောင်းသိရသည်။

ပြီးခဲ့သည့်နှစ်နှင့်ယှဉ်ရင်တော့ မြေပဲလုံးဆန်ဈေးမှာ အတက်ဈေးတွင်ရှိကြောင်း မြေပဲဆီစက်ပိုင်ရှင်များထံမှ သိရသည်။ လက်ရှိဈေးကွက်တွင် နယ်ပေါင်းစုံမှ မြေပဲဆန်ဝင်ရောက်လာမှုနှင့် ဆီစက်သမားများ ဝယ်ယူမှုနည်းခြင်းကြောင့် တစ်ပတ်အတွင်း မြေပဲဆန်ဈေး တစ်ပိဿာလျှင် ကျပ် ၁၀၀၀ နီးပါခန့် ဈေးကျဆင်းခြင်းဖြစ်ကြောင်း သိရသည်။

လောလောဆယ်က ဈေးကွက်မှာ မြေပဲဆန်ဈေးက ကျဆင်းနေတယ်။ အမြင့်ဆုံးမှ ၆၄၀၀ ဈေးရှိတာ၊ အရင်က အမြင့်ဆုံး ကျပ် ၇၄၀၀ ဈေးရှိတယ်။ စားအုန်းဆီဈေးက ကျတာလည်းပါတယ်။ ပြီးခဲ့နှစ်က မြေပဲလုံးဆန်ဈေးက ပထမက ၆၃၀၀ ဖြစ်တယ်။ နောက်ပိုင်း ၄၇၀၀ ထိဖြစ်ခဲ့တယ်။ ပြီးခဲ့တဲ့နှစ်နဲ့ယှဉ်ရင်တော့မြင့်တယ်။ မြေပဲပေါ်လာရင်ကျတာပဲဟု ပဲကုန်သည်တစ်ဦးကပြောသည်။

ပြည်တွင်းမြေပဲမှာ ဩဂုတ်လတတိယပတ်တွင် စတင်ထွက်လေ့ရှိပြီး ယခုနှစ်တွင် အထွက်နှုန်းမြင့်နေကြောင်း သိရသည်။

လက်ရှိတွင် ပြည်၊ အောင်လံ၊ မကွေးရှိ မြေပဲစိုက်ပျိုးသည့်ဒေသများမှ မြေပဲဆန်များထွက်ရှိနေပြီဖြစ်ပြီး မကြာမီအခြားမြေပဲစိုက်ပျိုးသည့်ဒေသများမှ မြေပဲဆန်များထွက်ရှိတော့မည်ဖြစ်ကြောင်းသိရသည်။

မြေပဲများကို ယခင် ပြည်ပနိုင်ငံတချို့သို့ တင်ပို့ရောင်းချမှုများရှိခဲ့သော်လည်း ယခုအချိန်တွင် ပြည်ပသို့ရောင်းချမှုနည်းပါးလာပြီး ဒေသတွင်း၌သာ ဆီကြိတ်ခွဲသုံးစွဲမှုများလာကြောင်း သိရသည်။

**Source: AMIA**

https://t.me/htwettoe

## ပန်ဆောင်မြို့တွင် ငရုတ်သီးတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ထိ ဈေးကောင်းရရှိ



စစ်ကိုင်းဒေသကြီးနန်းယန်းမြို့နယ်၊ ပန်ဆောင်မြို့တွင် ငရုတ်သီးတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပန်ဆောင်မြို့မှ ငရုတ်စိုက်တောင်သူများထံမှ သိရသည်။ယခုနှစ် ဩဂုတ်လ နောက်ဆုံးပတ်က ငရုတ်သီးများ လှိုင်လှိုင်ထွက်ရှိပြီး လက်ရှိတွင်ငရုတ်သီး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ထိ ဈေးကောင်းရရှိသည့်အတွက် ငရုတ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ပန်ဆောင်မြို့မှာ ငရုတ်သီးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ထိ ဈေးကောင်းရရှိနေပါတယ်။ အခုအခါ ငရုတ်သီးထွက်ရာသီရောက်ရှိနေပါပြီ။ ငရုတ်သီးပွဲရုံတွေက ဈေးကောင်းပေးဝယ်ယူနေကြပါတယ်။ ဒါကြောင့် ငရုတ်စိုက်တောင်သူတွေ အဆင်ပြေနေကြပါတယ်"ဟု ပန်ဆောင်မြို့မှ ငရုတ်စိုက်တောင်သူ ဦးမျိုးဦးက ပြောပြ၍သိရသည်။ ပန်ဆောင်မြို့တွင် ဒေသခံပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်လျက်ရှိရာ မိမိတို့၏ မြေလွတ်မြေရိုင်းများ၌ တောင်ယာများခုတ်ကာ လက်ဖက်၊ တည်ပင်၊ ကော်ဖီစသည့်နှစ်ရှည်ပင်များနှင့်အတူ ငရုတ်ပင်များကိုလည်း ကြားညှပ်စိုက်ပျိုးကြကြောင်း သိရသည်။

ငရုတ်စိုက်တောင်သူများကို ငရုတ်သီးနှံအထွက်နှုန်းကောင်းရန်၊ ဈေးကွက်ရရှိရန်အတွက် စိုက်ပျိုးနည်းစနစ် နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ငရုတ်တစ်ဧကကို စတင်စိုက်ပျိုးချိန်မှ အသီးသီးသည့်အချိန်အထိ ကုန်ကျစရိတ်မှာ ငွေကျပ် ၁၅ သိန်းမှ ၂၅ သိန်းခန့်ကုန်ကျကြောင်း၊ ငရုတ်သည် ၁၅ ရက်တစ်ကြိမ်ခူးဆွတ်ရပြီး ခြောက်လထိ ခူးဆွတ်၍ရကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် စတင်ခူးဆွတ်ချိန်၌ ပိဿာ ၁၀၀ ခန့်ထွက်ပြီး နောက်အပတ်များတွင် ပိဿာ ၄၀၀ နှင့် ၅၀၀ ကြားထွက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မြစ်သားမြို့နယ်၏ ဝါဈေးနှုန်း၊ ဈေးကွက်အခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ဝါသီးနှံများကိုလွန်ကျော်၊ ပေတော၊ ဒါးဝယ်အင်းကျေးရွာများတွင် အများဆုံးစိုက်ပျိုးလျက်ရှိရာ အိန္ဒိယမျိုးနှင့်စိန်ကမ္ဘာမျိုးများကို အဓိကစိုက်ပျိုးကြပြီး၊ ယခင်နှစ်ကထက် ဈေးပိုရကြောင်းသိရသည်။ တစ်ဧကေကုန်ကျစရိတ်မှာ ကျပ်တစ်ဆယ်သိန်းမှတစ်ဆယ့်နှစ်သိန်းခန့်ထိ ကုန်ကျပြီး၊ တစ်ဧကေပျမ်းမျှအထွက်နှုန်းမှာ (၃၀၀) ပိဿာ မှ (၃၅၀) ထွက်ရှိကြောင်း၊ အထွက်နှုန်းကတော့ မြေအနေအထားပေါ်မူတည်၍ ကွာခြားမှုရှိကြောင်း ထွက်ရှိလာသော ဝါများကို မြစ်သား၊ ကူမဲရှိပွဲရုံများနှင့်မန္တလေးပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မြစ်သားမြို့နယ်၊ ပေတောရွာမှ ဝါစိုက်တောင်သူ ဦးဇော်ဝင်းထွန်းက ပြောပါတယ်။

ဝါဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၃၀၀၀ မှ ၃၂၀၀ ပေါက်ဈေးရှိပြီး၊ ယခင်လ ဝါပေါ်စက ကျပ် ၃၆၀၀ မှ ၃၈၀၀ ၊ ယခင်နှစ်က ကျပ် ၂၆၀၀ မှ ၂၇၀၀ ဈေးရရှိကြောင်း၊ ယခင်လထက် ကျပ် ၆၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၄၀၀ မှ ၅၀၀ မြင့်တက်လာကြောင်း သိရသည်။ ဝါသီးနှံသည် အခြားသီးနှံများနှင့် နှိုင်းယှဉ်ပါက တောင်သူများအနေဖြင့် အကျိုးအမြတ်ရှိပြီး ဝင်ငွေကောင်းတဲ့သီးနှံဖြစ်တဲ့အတွက် တိုးချဲ့စိုက်ပျိုးသင့်သော်လည်း သွင်းအားစု ဈေးမြင့်တက်လာခြင်းကြောင့် အကျိုးအမြတ်ရရှိမှုနည်းနေသေးကြောင်း ပေတောကျေးရွာ ဝါစိုက်တောင်သူများ၏ ပြောပြချက်အရ သိရပါသည်။

Source: **မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မန္တလေးကုန်စည်ဒိုင်တွင် ပဲတီစိမ်း(အညာ)အဝယ်သွက်၍ ဈေးမြင့်လာ

မန္တလေးကုန်စည်ဒိုင် ပဲတီစိမ်း (အညာ) ဈေးကွက်တွင် ယခင်တစ်ပတ်ဈေးကျဆင်းနေတဲ့ ပဲတီစိမ်းက ယခု တစ်ပတ်တွင် ဈေးအနည်းငယ်မြင့်တက်လာကြောင်းသိရသည်။ ဈေးကွက်သို့ ကျောက်ဆည်နယ်နှင့်မန္တလေးအနီးတဝိုက်မှ ဝင်ရောက်နေပြီး၊ အရည်အသွေးနှင့် အစိုဓာတ်အပေါ်မူတည်၍ ရောင်းဝယ်နေကြကြောင်း၊ တရုတ်ဝယ်လက်မှ အဝယ်သွက်လာသောကြောင့် ယခင်တစ်ပတ်ထက် ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

**ပဲတီစိမ်း(အညာ)** ၅၆.၂၅ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၅၅၀၀၀ မှ ၁၇၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၄၅၀၀၀ မှ ၁၆၆၀၀၀ ၊ ယခင်လ ကျပ် ၁၅၅၀၀၀ မှ ၁၇၂၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၄၀၀၀ မှ ၁၀၀၀၀ မြင့်တက်လာပြီး၊ ယခင်လထက် ကျပ် ၂၀၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## တရုတ်နိုင်ငံ လျှပ်စစ်မော်တော်ယာဉ်(Electric Vehicle–EV) ထုတ်လုပ်သူ Omoda & Jaecoo International Co, က ထိုင်းနိုင်ငံတွင် EV စက်ရုံဆောက်လုပ်ရန်စီစဉ်ထား

တရုတ်နိုင်ငံပိုင် မော်တော်ယာဉ်ထုတ်လုပ်သည့် Chery International ၏ လက်ခွဲတစ်ခုဖြစ်သော Omoda & Jaecoo International Co, သည် ထိုင်းနိုင်ငံတွင် EV စက်ရုံအခြေစိုက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ ထိုင်းနိုင်ငံတွင်းရှိ ဒါရိုက်တာဖြစ်သူ Mr. Qi Jie က ပြောကြားခဲ့ပါသည်။

Chery သည် တရုတ်နိုင်ငံတွင် ထိပ်တန်း EV ထုတ်လုပ်သူ ၁၀ ဦး၌ ပါဝင်ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် Omoda နှင့် Jaecoo အမျိုးအစား ၂ မျိုးကို ထိုင်းနိုင်ငံတွင် မိတ်ဆက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းဝယ်ယူသူများက ယင်းအမျိုးအစား ၂ မျိုးအပေါ် တုန့်ပြန်မှုကောင်းတာကြောင့်ဖြစ်ကြောင်း၊ Chery ၏ ထိုင်းနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတွင် အဆင့် ၃ ဆင့်ရှိပါကြောင်း၊ ပထမအဆင့် ၂၀၂၄-၂၀၂၅ တွင် ၁ နှစ်လျှင် EV အစီးရေ ၁၈,၀၀၀ စီး ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားပါသည်။

ကုမ္ပဏီသည် ၎င်း၏ ကိုယ်ပိုင် ထုတ်လုပ်ရေးမစတင်မီ Omoda နှင့် Jaecoo ကို ထုတ်လုပ်ပေး ရန် PTT Plc, ၏ လက်ခွဲဖြစ်သော Arun Plus Co, ကို ငှားရမ်းနိုင်ရေး ဆွေးနွေးနေပါကြောင်း၊ ဒုတိယအဆင့် ၂၀၂၆-၂၀၂၇ တွင် အစီးရေ ၅၀,၀၀၀ ထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ပြီး ၄၅,၀၀၀ သည် ပို့ကုန်ဈေးကွက်အတွက်ဖြစ်ကြောင်း၊ ကျန်အစီးရေကိုသာ ပြည်တွင်း

ဈေးကွက်တွင် ရောင်းချသွားမည်ဖြစ်ကြောင်း၊ တတိယအဆင့် ၂၀၂၈-၂၀၃၀ တွင် အစီးရေ ၁၀၀,၀၀၀ ထိ ထုတ်လုပ်သွားမည်ဖြစ်ပြီး ၆၀,၀၀၀ ကို တင်ပို့သွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏လျာထားအစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပါသည်။

EV ထုတ်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံရန် ထိုင်းကုမ္ပဏီများနှင့်လည်းဆွေးနွေးနေပါကြောင်း၊ ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှတွင် အင်ဒိုနီးရှားနှင့်မလေးရှားပြီးနောက် Chery ၏ တတိယမြောက်ရင်းနှီးမြှုပ်နှံရန် ရွေးချယ်ခဲ့သည့်နိုင်ငံဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံတွင် ပြည်တွင်းသုံးစွဲရန် ပို့ကုန်အတွက် အဓိကထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနှင့်မလေးရှားတို့တွင် အတွင်းပိုင်း လောင်ကျွမ်းစက်ပစ္စည်းများထုတ်လုပ်ပြီး ထိုင်းနိုင်ငံ၌ ပို့ကုန်အတွက် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားပါသည်။

Chery အနေဖြင့် အစိုးရသစ်နှင့် နိုင်ငံ EV မူဝါဒကော်မတီ၏ EV ထုတ်လုပ်သူများနှင့် EV ဝယ်လို အား တိုးမြင့်နိုင်မည့် “EV 3.5” နည်းလမ်းအား အတည်ပြုမည့်အချိန်ကို စောင့်ဆိုင်းနေပါကြောင်း၊ အရောင်းပြခန်း ၃၀ ခန်းနှင့် After-sales ဝန်ဆောင်မှုကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Mr. Qi Jie က ပြောကြားခဲ့ပါသည်။

**Source: www.bangkokpost.gov**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_060920231035

## ကမ္ဘောဒီးယားဆန် တန်ချိန် ၂ သိန်းခွဲ အင်ဒိုနီးရှားဝယ်ယူရန် သဘောတူညီမှုရရှိ




အင်ဒိုနီးရှားနိုင်ငံသည် တစ်နှစ်လျှင် ဆန်တန်ချိန် ၂၅၀,၀၀၀ ဝယ်ယူရန် ကမ္ဘောဒီးယားအစိုးရထံမှ သဘောတူညီမှုရရှိခဲ့ကြောင်း သမ္မတဂျိုကိုဝီဒိုဒိုက တနင်္လာနေ့(စက်တင်ဘာ ၄)တွင် ပြောကြားခဲ့သည်။

အိန္ဒိယသည် ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးမူဝါဒ၏ ဆောင်ရွက်ချက်အနေဖြင့် အင်ဒိုနီးရှားသို့ ဆန်တင်ပို့မှုကိုရပ်ဆိုင်းရန် အိန္ဒိယ၏ဆုံးဖြတ်ချက်ကြောင့် အင်ဒိုနီးရှားက ကမ္ဘောဒီးယားဆန် ဝယ်ယူရခြင်းဖြစ်သည်။ “ကျွန်တော်တို့ရဲ့ အိမ်နီးချင်းဆီကနေ ဆန်တန်ချိန် ၂၅၀,၀၀၀ တင်သွင်းမယ့် အင်ဒိုနီးရှားရဲ့ ရည်ရွယ်ချက်အပေါ် ကမ္ဘောဒီးယားက အပြုသဘောဆောင်တဲ့ တုံ့ပြန်မှုကို ကျေးဇူးတင်မိပါတယ်”ဟု သမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားသည်။

သမ္မတသည် ကမ္ဘောဒီးယားဝန်ကြီးချုပ်အသစ် ဟွန်မာနက်နှင့် ဂျကာတာမြို့ရှိ နိုင်ငံတော်နန်းတော်၌ တွေ့ဆုံခဲ့ပြီးနောက် ဆန်ကိစ္စကို အသိပေးပြောကြားခဲ့သည်။ အပြန်အလှန်အားဖြင့် အင်ဒိုနီးရှားသည် ဓာတ်မြေသြဇာကို ကမ္ဘောဒီးယားသို့ တင်ပို့မည်ဖြစ်သည်ဟု သမ္မတက ပြောကြား သည်။

ကနဦးတွင် အင်ဒိုနီးရှားသည် အိန္ဒိယမှ ဆန်တန်ချိန် ၁ သန်း တင်သွင်းရန် စီစဉ်ခဲ့သော်လည်း အိန္ဒိယအစိုးရက ငြင်းပယ်ခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီး Zulkifli Hasan က ပြောကြားခဲ့သည်။

Zulkifli က လက်ရှိဆန်ထောက်ပံ့မှုမှာ ဖူလုံမှုရှိနေဆဲဟုဆိုသည်။ နိုင်ငံပိုင်လုပ်ငန်း Bulog ကို ထိုင်းနှင့်ဗီယက်နမ်တို့ထံမှ ဆန်တန်ချိန် ၂ သန်း ဝယ်ယူရန် တာဝန်ပေးထားကြောင်း ၎င်းကပြောကြားသည်။

အစိုးရအချက်အလက်များအရ တနင်္လာနေ့အထိ Bulog ၏ ဂိုဒေါင်များတွင် ဆန်သိုလှောင်မှု တန်ချိန် ၁.၆ သန်းနီးပါးရှိသည်။ ယခုနှစ်အတွင်း ဆန်တန်ချိန် ၄ သိန်း ထပ်မံရောက်ရှိလာမည်ဖြစ်သည်။

အယ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သော မိုးခေါင်ရေရှားမှုနှင့် စပါးရိတ်သိမ်းမှုဆိုင်ရာ အနှောင့်အယှက်များအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အင်ဒိုနီးရှားအစိုးရသည် ရိက္ခာသိုလှောင်မှုတိုးမြှင့်ရန် တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

**Source: Jakarta Globe**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6820-asia-rice.html

# STOCK EXCHANGE (6.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 6th Sep. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,373 (Shares) | 27,062,400 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | -100 | -1.08% | 9,200 | 9,300 | 9,200 | 48 | 443,800 | 33,109,694 | 304,609 |
| MTSH | 00002 | 3,100 | -50 | -1.59% | 3,100 | 3,150 | 3,100 | 6,995 | 21,742,300 | 38,929,150 | 120,680 |
| MCB | 00003 | 7,900 | -100 | -1.25% | 7,900 | 7,900 | 7,900 | 209 | 1,651,100 | 10,400,986 | 82,168 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 425 | 722,500 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 5 | 12,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,300 | +0 | +0.00% | 2,250 | 2,300 | 2,250 | 25 | 57,250 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +100 | +2.08% | 4,900 | 4,900 | 4,800 | 407 | 1,954,300 | 10,497,598 | 51,438 |
| MAEX | 00008 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 259 | 479,150 | 23,804,946 | 44,039 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 6th Sep. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 387.07 | -2.78 | -0.71% | 387.07 | 388.27 | 387.07 | 8,373 | 27,062,400 | 8 | 730,088 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Sep. 2023

| Trading Volume | Trading Value |
|---|---|
| 8,373 (Shares) | 27,062,400 (MMK) |

### Main Board

As of 1:00 pm, 6th Sep. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,373 (Shares) | 27,062,400 (MMK) |

| MYANPIX | 387.07 ▼ 2.78 |
|---|---|
| Total Volume (shares) | 8,373 |
| Total Value (MMK) | 27 mil |
| Listed Company | 8 |
| Market Cap. (MMK) | 730,088 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▼ 100 |
| MTSH | 00002 | 3,100 | ▼ 50 |
| MCB | 00003 | 7,900 | ▼ 100 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 100 |
| MAEX | 00008 | 1,850 | ▲ 0 |